## စာရေးသူရဲ့အမှာ

ဒီနေ့ မျက်မှောက်ခေတ် ကမ္ဘာကြီးမှာ လူလူချင်း တွေ့ဆုံပြောဆို ဆက်ဆံဟောပြော တင်ပြစည်းရုံးရမှုတွေ ဟာ ပိုမိုများပြားကျယ်ပြန့်လာနေတယ်။ ဒါကြောင့် မော်ဒန် ခေတ်နဲ့အညီ လူထုရှေ့မှောက် မော်ဒန်စကားဟောပြော နည်း အနုပညာကို တင်ဆက်သွားမှာပါ။ ( ဒီနေရာမှာ ပြတ်ပြတ်သားသား ပြောချင်တာကတော့ ရှေးရိုးစဉ်လာ လက်ဝဲ လက်ယာ အိုးလ်စကူးလ် တက်တစ် စကားပြောနည်းစာအုပ်ဟောင်းတွေကို ဘော်တယ်ကူလားထဲ အမြန်ဆုံးပို့လိုက်ဖို့ပါ။ ပြီးမှ ဒီစာအုပ်ကို ဖတ်ပါ။)

လူအချင်းချင်း "ဆက်သွယ်ပြောဆိုခြင်း"ဟာ ဘဝမှာ အရေးကြီးဆုံးထဲက တစ်ခုပါ။ *"Communication"* ဆိုတဲ့ ဝေါဟာရဟာ လက်တင်ဘာသာစကား *"Com -municare"* မှ ဆင်းသက်လာတာပါ။ အဓိပ္ပာယ်က တော့ "ပူးပေါင်းပါဝင်ဆောင်ရွက်သည်"လို့ ဆိုလိုပါတယ်။ "ဆက်သွယ်ပြောဆိုခြင်း"ဟာ အပြန်အလှန်တုံ့ပြန်မှုမှ စိတ်ချင်းတွေ့ဆုံမှုဖြစ်ပါတယ်။ လူသားလူ့ဝ်ရှားမှုတိုင်းမှာ ထုတ် ဖော်ပြောဆိုမှု သဘောသဘာဝရှိတယ်။ မှူဝေခံစားတဲ့ သဘောသဘာဝရှိတယ်။ လူတို့ဟာ သူတို့ရဲ့ ကိုယ်ရည် ကိုယ်သွေး၊ ရည်ရွယ်ချက်၊ ဦးတည်ချက် စေတနာတွေကို အဆိုပါဖော်ပြချက်များနဲ့ ထုတ်ဖော်ပါတယ်။

ဒီနေ့ခေတ်မှာတော့ စကားဆက်သွယ်ပြောဆိုမှု အရည်အသွေးနဲ့ လူထုရှေ့မှောက်စကားပြောတတ်မှုဟာ ဘဝအောင်မြင်မှုနဲ့ ဆုံးရှုံးမှုအကြားမှ သိမ်မွေ့တဲ့ စည်းခြားမှု ပါ။ ဒါကြောင့် သင့် အရေးအကြီးဆုံးလက်နက်ကတော့ စကားပြောဆိုဆက်သွယ်ရေးစွမ်းရည်ကောင်းရေးပါ။ ပရိသတ်ထဲက လူတွေကိုကြည့်ပြီး သူတို့ ငါကိုဘာပြောနေမလဲဆိုတဲ့ အာရုံစိုက်မှုနဲ့ ကြောက်မနေသင့်ဘူး။ အချိန်ကိုက် ဟာသလေးနည်းနည်းထည့်ပြောလိုက်ရုံနဲ့ ပရိသတ်နဲ့ ရေခဲကွဲသွားရုံမျှမက သူတို့မျက်နှာပေါ်မှာ အပြုံးတွေပင် ဝေဆာလာနိုင်ပါမယ်။

အောင်မြင်တဲ့စကားဟောပြောသူဖြစ်ရေးဟာ ခက်ခဲတဲ့အလုပ်ဆိုတာ သံသယရှိစရာမလိုပါ။ လူထုရှေ့မှောက် စကားပြောဟောရာမှာ မထင်မှတ်ဘဲ ကျရောက်လာနိုင်တဲ့ ကြောက်ရွံ့ထိတ်လန့်မှုတွေ၊ စိတ်ပျက်အားငယ်မှုတွေကို သတိထားရပါမယ်။ ကောင်းမွန်တဲ့ သင်ကြားမှု၊ လေ့ကျင့်မှု၊ ပြင်ဆင်မှုတွေနဲ့ အောင်မြင်တဲ့တင်ဆက်မှုကို ပြုနိုင်ဖို့ သေချာစေမှာပါ။ သင့်ပရိသတ်ထံ သင်ပြောချင်တာတွေ တကယ်ရောက်ဖို့အတွက် စကားသံကို အသုံးချရသလို မြင်သာတဲ့ ထောက်ကူပစ္စည်းကိရိယာတွေရဲ့ အကူအညီ လိုအပ်ပါတယ်။

စိတ်ပိုင်းဖြတ်မှု၊ ရဲစွမ်းသတ္တိရှိမှုနဲ့ ကိုယ့်ကိုယ်ကို ယုံကြည်မှုတွေနဲ့ဆိုရင် သင်ဟာ ဂုဏ်ရှိစကားပြောဟော ကောင်းသူ ဖြစ်လာမှာမလွဲပါ။

***ကိုနေ(မန်း)***



အတတ်ပညာတိုင်းမှာ အခြေခံဥပဒေသအချို့နဲ့ နည်းနာနိသယများစွာ ရှိပါတယ်။

ဒီစာအုပ် အပိုင်း(၁)မှာ အခန်းငယ်(၃)ခန်းပါဝင်တယ်။ ဒီအခန်းတွေမှာ ထိရောက်ထက်မြက်တဲ့ စကားပြောအခြေခံ ဥပဒေသတွေနဲ့ အဲဒီအခြေခံဥပဒေသတွေကို အသက်ဝင်အောင် ဖော်ဆောင်ပေးမယ့် သဘောထားတွေကို ဆွေးနွေးကြပါမယ်။

အရွယ်ရောက်ပြီးသူတွေအနေနဲ့တော့ ကျွန်တော်တို့က ထိရောက်ထက်မြက်စွာ စကားပြောဖို့ အမြန်ဆုံးနဲ့ အလွယ်ဆုံးနည်းကိုသာ စိတ်ဝင်စားကြပါသည်။ ရလဒ်ကောင်းတွေ ကျွန်တော်တို့ အမြန်ဆုံး အောင်မြင်မှုရရှိဖို့ တစ်ခုတည်းသော နည်းလမ်းကတော့ ကျွန်တော်တို့ရဲ့ ပန်းတိုင်သို့ အောင်မြင်ရောက်ရှိဖို့ မှန်ကန်တဲ့သဘောထား ရှိရမယ်။ ဆက်လက်တည်ဆောက်ဖို့ အခြေခံဥပဒေသ အုတ်မြစ်ကောင်းလည်း ရှိရပါမယ်။